

ပရောဖက်များကိုစမ်းသပ်စစ်ဆေးခြင်း



“ချစ်သူတို့၊
ခပ်သိမ်းသောစိတ်ဝိညာဉ်
တို့ကို မယုံကြွနှင့်။
စိတ်ဝိညာဉ်တို့သည်
ဘုရားသခင်နှင့်
စပ်ဆိုင်သည်
မစပ်ဆိုင်သည်ကို
စုံစမ်းကြလော့။
အကြောင်းမူကား၊
မိစ္ဆာပရောဖက်အများတို့
သည် ဤလောကသို့
သွားကြပြီ”
(၁ ယောဟန် ၄း၁)

ဘုရားသခင်သည် မိမိ၏လူတို့ကို လမ်းမှန်သို့ ပို့ဆောင်ရန် ပရောဖက်များကို အစဉ်အမြဲ ခန့်အပ်တော်မူခဲ့သည်။ သို့သော် ပရောဖက်ဟု ဆိုသူတိုင်းသည် ဘုရားသခင် စေလွှတ်သူများ မဟုတ်ကြပါ။

ငွေကြေးကို တပ်မက်သောကြောင့် မိမိ၏ ပရောဖက်ပြုခြင်းတာဝန်မှ လမ်းလွဲကာ မိစ္ဆာပရောဖက်ဖြစ်သွားသော ပရောဖက်အစစ်များပင် ရှိခဲ့သည်။ ဥပမာ၊ ရှေမာယသည် နေဟမိအား အပြစ်ပြုစေရန် လာဘ်ငွေလက်ခံခဲ့သည် (နေဟမိ ၆:၁၀-၁၃)။

စစ်မှန်သော ပရောဖက်များနှင့် မိစ္ဆာပရောဖက်များကို မည်သို့ ခွဲခြားသိနိုင်မည်နည်း။ ၎င်းတို့ကို ပိုင်းခြားသိမြင်နိုင်ရန် သမ္မာကျမ်းစာက မည်သည့်လမ်းညွှန်ချက်များ ပေးထားသနည်း။





- သဘာဝလွန်ဖြစ်ရပ်များ
- သမ္မာကျမ်းစာနှင့်ညီညွတ်ခြင်း
- ခရစ်တော်ကိုချီးမြှောက်ခြင်း
- ကောင်းမြတ်သောသြဇာလွှမ်းမိုးမှု
- ပရောဖက်ပြုချက်များပြည့်စုံခြင်း

သဘာဝလွန်ဖြစ်ရပ်များ



"ကိုယ်တော်ကျွန်သည် ကိုယ်တော်အရှင်နှင့် အဘယ်သို့စကားပြောနိုင်ပါအံ့နည်း။ ယခုပင် အကျွန်ုပ် ကိုယ်၌ ခွန်အားအလျှင်းမရှိပါ။ အကျွန်ုပ်အသက်လည်း ကုန်ပါပြီဟု ငါ့ရှေ့မှာရပ်နေသောသူအား ငါလျှောက်၏" (ဒံယေလ ၁၀း၁၇)

ပရောဖက်ပြုခြင်းအမှုတော်တွင် ပြင်ပ၌ ထင်ရှားသော နိမိတ်လက္ခဏာများဖြစ်စေ၊ ပရောဖက်ကိုယ်တိုင်၌ ထင်ရှားပေါ်လွင်သော အဖြစ်အပျက်များဖြစ်စေ၊ သဘာဝလွန်ဖြစ်ရပ်များနှင့် မကြာခဏ တွဲဖက်လျက်ရှိသည်။

ပြင်ပ၌ထင်ရှားသော သဘာဝလွန်ဖြစ်ရပ်များ



ဧလိယသည် မယုံကြည်သူတို့အပေါ် မီးကျစေခြင်းအားဖြင့် မိမိ၏ပရောဖက်အမှုတော်ကို ပြသခဲ့သည် (၂ ဓမ္မရာဇဝင် ၁း၁၀)



ဗေသလမြို့ရှိ ရုပ်တုကိုးကွယ်ရာပလ္လင်ကို အမည်မသိသောပရောဖက်၏အမိန့်တော်အတိုင်း ပျက်စီးခဲ့သည် **(၁ ဓမ္မရာဇဝင် ၁၃း၅)**

ပရောဖက်၌ထင်ရှားသော သဘာဝလွန်ဖြစ်ရပ်များ




ရူပါရုံရယူနေစဉ် ဒံယေလသည် အားအင်ကုန်ခန်း၍ အသက်မရှူခဲ့ပါ (ဒံယေလ ၁၀း၁၇)



ဗျာဒိတ်တော်ကို ရယူစဉ် ယောဟန်သည် လူသေကဲ့သို့မြေပေါ်သို့ လဲကျခဲ့သည် (ဗျာဒိတ် ၁း၁၇)

ဤသဘာဝလွန်နိမိတ်လက္ခဏာများသည် ပရောဖက်စစ်မှန်ကြောင်း သက်သေမပြနိုင်ပါ။ အတုအယောင်ပရောဖက်များသည်လည်း ရန်သူတန်ခိုးအားဖြင့် သဘာဝလွန်နိမိတ်လက္ခဏာများကို ပြုနိုင်ကြသည် (ဗျာဒတ် ၁၃:၁၃)။



သမ္မာကျမ်းစာနှင့်ညီညွတ်ခြင်း

“တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်၊ သူတို့၌ အရုဏ်မတက်သေး” (ဟေရာယ ၈း၂၀)




ဟေရာယ ၈:၂၀ အရ ပရောဖက်တစ်ဦး၏ မှန်ကန်မှုကို စစ်ဆေးရာတွင် ပညတ်တရား (မောရှေကျမ်းငါးကျမ်း) နှင့် ပရောဖက်တို့မှ တစ်ဆင့် နောက်ပိုင်း၌ ပေးတော်မူသော သက်သေခံချက်များနှင့် ကိုက်ညီရမည်။


ဘုရားသခင်သည် မိမိ၏လူတို့ နားလည်နိုင်စွမ်းနှင့်အညီ ပရောဖက်များမှတစ်ဆင့် အသိပညာတရားကို အဆင့်ဆင့် ဖော်ပြတော်မူခဲ့သည်။ ဤသည်ကို **“တိုးတက်သောသမ္မာတရား” (Progressive Truth)** ဟု ခေါ်သည်။

ထို့ကြောင့် ခေတ်အဆက်ဆက်တွင် မိမိတို့ခေတ်နှင့်ဆိုင်သော **“ယနေ့အ တွက်သမ္မာတရား”** ရှိခဲ့သည် (၂ ပေတရ ၁:၁၂)။ သို့သော် သမ္မာတရားကို ဖော်ပြတော်မူသော ဘုရားသခင်သည် မပြောင်းလဲသောကြောင့် (ယာကုပ် ၁:၁၇) ဗျာဒိတ်တော်အသစ်တိုင်းသည် ယခင်ဗျာဒိတ်တော် များနှင့် ကိုက်ညီညီညွတ်ရမည် (ယေရမိ ၂၈:၈)။





ထို့ကြောင့် ကျမ်းစာသွန်သင်ချက်နှင့် ဆန့်ကျင်သော သတင်းစကားကို ဟောပြောသည့် ပရောဖက်မည်သူမဆို မိစ္ဆာပရောဖက်ဖြစ်သည် (တရားဟောရာ ၁၃:၁-၃)။



ခရစ်တော်ကို ချီးမြှောက်ခြင်း

လူဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို ဝန်မခံသောဝိညာဉ်မည်သည်ကား၊ ဘုရားသခင်နှင့် မစပ်ဆိုင်။ ထိုသို့သောဝိညာဉ်ကား၊ သင်တို့သည် ကြားခဲ့ပြီးသည်အတိုင်း ဤလောက သို့လာမည်ဖြစ်၍၊ ယခုပင် လာလျက်ရှိသော အန္တိခရစ်၏ ဝိညာဉ်ဖြစ်၏” (၁ ယောဟန် ၄:၃)

ပရောဖက်တစ်ဦးသည် ယေရှုခရစ်၏ သမိုင်းဝင်တည်ရှိမှုကို ငြင်းပယ်ခြင်း သို့မဟုတ် မိမိ၏သတင်းစကားတွင် ခရစ်တော်ကို ဗဟိုမပြုလျှင် ထိုသူသည် ပရောဖက်အတုဖြစ်သည် (၁ ယောဟန် ၄:၃)။


စစ်မှန်သောပရောဖက်သည် ယေရှုနှင့်ပတ်သက်သော အောက်ပါအမှန်တရားများကို လက်ခံသည်။




ခရစ်တော်၏ ဘုရားဇာတိ




ခရစ်တော်၏ လူဇာတိခံယူခြင်း



သူ၏အပြစ်ကင်းစင်သော အသက်တာ



ခရစ်တော်၏အပြစ်ဖြေသောသေခြင်း



သူ၏ရှင်ပြန်ထမြောက်ခြင်း



သူ၏ကြွားဖျန်ဖြေခြင်းအမှုတော်



သူ၏ဒုတိယကြွလာတော်မူခြင်း

ခရစ်တော်ကို ချီးမြှောက်သော ပရောဖက်များသည် မိမိတို့၏နောက်လိုက်များကို စုဆောင်းခြင်း၊ မိမိကိုယ်ကို ချီးမြှောက်ခြင်းတို့ကို မပြုဘဲ၊ အစေခံရန်သာ အသင့်ရှိကြပြီး မိမိတို့ထံ စေလွှတ်ခံရသူများကို အမြတ်မထုတ်ကြပါ (တမန် ၄:၁၂၊ မာကု ၉:၃၅၊ ယောဟန် ၁၃:၁၆)။

ကောင်းမြတ်သော ဩလွမ်းမိုးမှု

“အတွင်း၌ ကြမ်းတမ်းသော တောခွေးဖြစ်လျက် သိုးရေကိုခြုံ၍ သင်တို့ရှိရာသို့လာသော မိစ္ဆာပရောဖက်တို့ကို သတိနှင့် ရှောင်ကြလော့။ ထိုသူတို့၏အကျင့်ကို ထောက်၍ သူတို့၏သဘောကို သိကြလိမ့်မည်။ ဆူးပင်၌ စပျစ်သီးကို ဆွတ်တတ်သလော။ ဆူးလေပင်၌ သင်္ဘောသဖန်းသီးကို ဆွတ်တတ်သလော” (မဿဲ ဂုး၁၅-၁၆)

ယေရှု၏အဆိုအရ ပရောဖက်များကို သူတို့၏အသီးအပွင့်အားဖြင့် ခွဲခြားသိနိုင်သည် (မဿဲ ၇:၁၅-၁၆)။ ထိုအသီးအပွင့်များမှာ နှစ်မျိုးရှိပြီး နှစ်မျိုးစလုံး ကောင်းမွန်ရမည်။



သတင်းစကား၏အသီးအပွင့်

စစ်မှန်သောပရောဖက်၏ သတင်းစကားသည် ယုံကြည်သူများကို တည်ဆောက်သည်၊ နှစ်သိမ့်သည်၊ နောင်တရစေသည် (၁ ကောရိန္သု ၁၄:၃)



ပရောဖက်၏အသီးအပွင့်များ

ပရောဖက်၏အသက်တာသည် မှန်ကန်သော သမ္မာတရားသွန်သင်ချက်နှင့် ကိုက်ညီရမည်။ ဥပမာ၊ ပညတ်တော်ဆယ်ပါးကို ပြောင်ပြောင်တင်းတင်းချိုးဖောက် သော အသက်တာမျိုး မဖြစ်ရ (ယုဒ ၁:၁၆)။











ပရောဖက်များသည် အပြစ်ကင်းသူများမဟုတ်သဖြင့် အမှားနှင့် အပြစ်များကို ကျူးလွန်မိနိုင်ကြသည်။ ယောနသည် ဘုရား သခင်ထံမှ ထွက်ပြေးခဲ့သည်။ ပေါလုသည် ယောဟန်မာကု ကို အထင်မှားခဲ့သည်။ ပေတရုသည် ယုဒလူကဲ့သို့ ဟန်ဆောင်ခဲ့ သည်။ သို့သော် ထိုအပြစ်များသည် သူတို့၏ ပုံမှန်အသက်တာ မဟုတ်ခဲ့ပါ။

ပရောဖက်ပြုခြင်းပြည့်စုံမှု



“ငြိမ်ဝပ်မည်အကြောင်းကို ဟောပြောသော ပရောဖက်ရှိလျှင်၊ သူ၏စကားပြည့်စုံသောအခါ စင်စစ် ထာဝရဘုရား စေလွှတ်တော်မူသော ပရောဖက်ဖြစ်ကြောင်း ထင်ရှားလိမ့်မည်ဟု ပြောဆို၏”
(ယေရမိ ၂၈း၉)



ပရောဖက်၏အမှုတော်တွင် အနာဂတ်ဖြစ်ရပ်များကို ကြိုတင်ဟောပြောခြင်း ပါဝင်သည်။ ဟောချက်ပြည့်စုံလျှင် စစ်မှန်သောပရောဖက်ဖြစ်ပြီး၊ မပြည့်စုံလျှင် ပရောဖက်အတုဖြစ်သည် (ယေရမိ ၂၈:၉၊ တရားဟောရာ ၁၈:၂၂)။

သို့သော် ဤစည်းမျဉ်းတွင် ခြွင်းချက်များရှိသဖြင့် မှန်ကန်စွာ နားလည်ထားရန် လိုအပ်သည်။

- မဝေးတော့သောအနာဂတ်တွင် ကောင်းသောအရာဖြစ်မည်ဟု ပရောဖက်ပြုလျှင် မှုချပြည့်စုံရမည် (ယေရမိ ၂၈း၁-၄)။



- အနာဂတ်ကာလအဝေးအတွက် ကောင်းသောအရာကို ဟောသော်လည်း အခြေအနေပေါ်မူတည်၍ ပြည့်စုံချင်မှပြည့်စုံမည် (ဥပမာ၊ ဣသရေလူတို့က မေရှိယကိုလက်ခံပါက ချမ်းသာသာယာမည့်အကြောင်း ဟရှာယက ဟောထားသည်။



- မကောင်းသောအမှုနှင့်ပတ်သက်၍ ဟောထားချက်များသည် အမြဲတမ်း အခြေအနေပေါ်တွင် မူတည်သည်။ နောင်တရလျှင် အကျိုးဆက်ပြောင်းလဲနိုင်သည်။ (ဥပမာ၊ ယောနာ၏တရားကြောင့် နိနေဝေမြို့သားတို့ နောင်တရကြသည်)။



“ဝိညာဉ်တော်ကို သမ္မာကျမ်းစာအစားထိုးရန် ပေးအပ်ခဲ့ခြင်းမဟုတ်သကဲ့သို့၊ ပေးအပ်နိုင်ခြင်းလည်းမရှိပါ။ သွန်သင်ချက်နှင့် အတွေ့အကြုံအားလုံးကို ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြင့်သာ စစ်ဆေးရမည်ဖြစ်သည်။”

E. G. W. (The Great Controversy, p. 7)

“စာတန်၏ နောက်ဆုံးလှည့်စားမှုမှာ ဘုရားသခင်၏ ဝိညာဉ်တော်ပေးသော သက်သေခံချက်ကို ပယ်ဖျက်ရန်ဖြစ်သည်။ ‘ဗျာဒိတ်ရူပါရုံမရှိလျှင် လူတို့သည် ပျက်စီးကြ၏’ (သုတ္တံ ၂၉:၁၈)။ စာတန်သည် မှားယွင်းသော ရူပါရုံများကို အမှန်တရားနှင့် ရောနှောကာ ဘုရားသခင်၏ နောက်ဆုံးကြွင်းကျန်သော လူတို့၏ ယုံကြည်မှုကို ဖြိုဖျက်မည်။ သို့သော် ရိုးသားသောသူတို့သည် မှန်သောအရာနှင့် မှားသောအရာကို နှိုင်းယှဉ်၍ ပိုင်းခြားသိမြင်နိုင်ကြလိမ့်မည်။”

E. G. W. (Selected Messages, book 2, p. 78)

နောက်ဆက်တွဲ - အယ်လင်ဂျီဋိုက်ကို ပရောဖက်အဖြစ် အသိအမှတ်ပြုခြင်း

အယ်လင်ကို စစ်မှန်သော ပရောဖက်အဖြစ် လက်ခံခြင်းမပြုမီ၊ မြော်လင့်ခြင်းအသင်းသားများသည် ကျမ်းစာ၌ဖော်ပြထားသော စံနှုန်းများနှင့် သူမ၏အသက်တာ၊ သွန်သင်ချက်များကိုစစ်ဆေးခဲ့ကြသည်။

သဘာဝလွန်ဖြစ်ရပ်များ	ရုပါရုံခံယူနေစဉ်တွင် အယ်လင်သည် အသက်မရှူသည့်အပြင် လက်တစ်ဖက်တည်းဖြင့် မိသားစုကျမ်းစာအုပ်ကြီးကို နာရီပေါင်းများစွာ မြှောက်ကိုင်ခြင်းကဲ့သို့သော သဘာဝလွန်ဖြစ်ရပ်များကို ပြသခဲ့သည်။
သမ္မာကျမ်းစာနှင့်ကိုက်ညီမှု	သူမ၏စာပေများတွင် ကျမ်းစာသွန်သင်ချက်နှင့် ဆန့်ကျင်သောအရာ မတွေ့ရပါ။ သူမကိုယ်တိုင်က ကျမ်းစာအမြဲလေ့လာရန်နှင့်သူမ၏စာပေများကို ကျမ်းစာ၏အလင်းဖြင့် လေ့လာရန်တိုက်တွန်းသည်။
ခရစ်တော်ကိုချီးမြှောက်ခြင်း	သူမ၏အမှုတော်အစမှစ၍ အဓိကဟောပြောချက်မှာ တစ်ခုတည်းပင်ဖြစ်သည်။ ခရစ်တော်မှ ခရစ်တော်တစ်ပါးတည်းသာဖြစ်သည်။
ကောင်းမြတ်သောသြဇာလွှမ်းမိုးမှု	သူမကိုကိုယ်တိုင်သိကျွမ်းသူများနှင့် သူမ၏စာပေများကိုလေ့လာဖတ်ရှုသူများက သူမ၏သြဇာလွှမ်းမိုးသည် အပြုသဘောဆောင်ကြောင်း သက်သေခံကြသည်။
ပရောဖက်ပြုချက်များပြည့်စုံခြင်း	ဥပမာ၊ ၁၈၆၁ ခုနှစ်တွင် ဟောခဲ့သော အမေရိကပြည်တွင်းစစ်ရှည်ကြာမည့်အကြောင်းနှင့် ၁၉၀၁ ခုနှစ်တွင် Review & Herald ပုံနှိပ်တိုက်ကြီး မီးလောင်ပျက်စီးမည်ဟု ပရောဖက်စကားသည် ၁၀၉၂ ခုနှစ်တွင် ပြည့်စုံခဲ့သည်။